# ပန်းကလေးများ ပွင့်တော့မည်



(Braveheart Foundation ၏ ခွင့်ပြုချက်မရှိဘဲ

ပြင်ဆင်ပုံနှိပ်ထုတ်ဝေခွင့်မပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

# အမှာစာ

မင်္ဂလာပါ.. "ပန်းကလေးများ ပွင့်တော့မည်" ရုပ်ပြစာအုပ်လေးမှ ကြိုဆိုပါတယ်။

Braveheart Foundation အဖွဲ့အစည်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရာတွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုကျင့်ခြင်းတို့မှ အကာအကွယ်ပေးခြင်း (PSEA) ကို အခြေခံလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိသည့်အပြင် ကူညီပံ့ပိုးပေးသူ ဝန်ထမ်းများမှ မိမိတို့၏ လုပ်ပိုင်ခွင့်အာဏာနှင့် ယုံကြည်အားကိုးမှုများကို အလွဲသုံးစားပြုလုပ်၍ ရပ်ရွာလူထုအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း နှင့် မဖွယ်မရာပြုကျင့်မှုများ လုံးဝ (လုံးဝ) မရှိစေရန် အထူးဂရုပြု တားဆီးလုပ်ဆောင်လျက်ရှိပြီး ရပ်ရွာလူထုကြားတွင် ခိုင်မာသော တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများမှ တစ်ဆင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု နှင့် မဖွယ်မရာပြုခြင်းမှ ကင်းလွတ်၍ ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးထိန်းသိမ်းရန် ဖြစ်ပါသည်။

ထို့ကြောင့် ဤရုပ်ပြစာအုပ်လေးမှတဆင့် အောက်ပါအရေးကြီးသော သတင်းစကားများကို အသိပေး မျှဝေလိုပါသည်။

- ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအားလုံးသည် အခမဲ့ဖြစ်ပြီး၊ ငွေကြေး၊ အလုပ်အကိုင်၊ အခွင့်အရေး သို့မဟုတ် ပစ္စည်းများနှင့် လိင်ကိစ္စ အလဲအလှယ်ပြုလုပ်ခြင်းကို လုံးဝ တားမြစ်ထားပါသည် ။

- အသက် (၁၈) နှစ် မပြည့်သေးသော ကလေးသူငယ်များနှင့် မည်သည့် လိင်ပိုင်းဆိုင်ရာ ပတ်သက်ဆက်နွယ်မှုကိုမျှ လုံးဝ ခွင့်မပြုပါ ။

- ကျွန်ုပ်တို့ အဖွဲ့အစည်းသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုကျင့်ခြင်း (SEA) ပုံစံအမျိုးအစား အားလုံးအပေါ်တွင် လုံးဝသည်းခံမှုမရှိသော (Zero-Tolerance) မူဝါဒကို တင်းကျပ်စွာ အလေးအနက်ထား၍ လိုက်နာကျင့်သုံးပါသည်။

အကယ်၍ သင့်ပတ်ဝန်းကျင်တွင် ဤကဲ့သို့ မလိုလားအပ်သော အပြုအမူများ ကြုံတွေ့လာရပါက သို့မဟုတ် သံသယဖြစ်ဖွယ်ရာများ တွေ့ရှိခဲ့ပါက နှုတ်ဆိတ်မနေဘဲ အောက်ပါလမ်းကြောင်းများမှ တစ်ဆင့် ရဲရဲဝံ့ဝံ့ သတင်းပို့ တိုင်ကြားကြရန် တိုက်တွန်းလိုပါသည်။

Hotline ဖုန်း – ၀၉၄၀၅၃၄၉၆၁၆ (အသံဖိုင် သို့မဟုတ် စာတို ပေးပို့နိုင်ပါသည်)
အီးမေးလ် – mmrpsea@unfpa.org


သတင်းပို့တိုင်ကြားရာတွင် လျှို့ဝှက်စွာ သို့မဟုတ် အမည်မဖော်ဘဲ တိုင်ကြားနိုင်ပါသည်။ တိုင်ကြားသည့်အတွက်ကြောင့် သင်ရရှိမည့် အကူအညီများကို ပိတ်ပင်ခြင်း သို့မဟုတ် ထိခိုက်စေခြင်း လုံးဝရှိမည်မဟုတ်သည့်အပြင် ရပ်ရွာလူထုအသိုင်းအဝိုင်းအနေဖြင့် ပြန်လည်အရေးယူခြင်း (retaliation) ကို မခံရပါ။

တိုင်ကြားလာသည့် ကိစ္စရပ်များအားလုံးကို အပြည့်အဝ လျှို့ဝှက်ထိန်းသိမ်းပေးမည်ဖြစ်ပြီး၊ ထိခိုက်ခံစားရသူများအတွက် လိုအပ်သော ဆေးပညာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဥပဒေရေးရာ ကူညီပံ့ပိုးမှုများကိုလည်း ဘေးကင်းလုံခြုံစွာ ချိတ်ဆက်ပေးသွားမည် ဖြစ်ပါသည်။

ဤ "ပန်းကလေးများ ပွင့်တော့မည်" ရုပ်ပြစာအုပ်လေးမှတဆင့် အားလုံးအတွက် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု နှင့် မဖွယ်မရာပြုခြင်းမှ ကင်းလွတ်၍ လုံခြုံပြီး လေးစားမှုရှိသည့် ပတ်ဝန်းကျင်တစ်ခုကို အတူတကွ ပူးပေါင်းဖန်တီးနိုင်မည်ဟု ယုံကြည်ပါသည်။ အဖွဲ့အစည်း၏ ဝန်ထမ်းများ၊ မိတ်ဖက်များနှင့် ဆက်စပ်ပတ်သက်သူများ အားလုံးသည် ဤ "လုံးဝ သည်းခံမှု မရှိသော မူဝါဒ" ကို လက်တွေ့ကျကျ အသုံးချနိုင်စေရန် ရည်ရွယ်လျက် ဤစာအုပ်ငယ်ကို ထုတ်ဝေလိုက်ရပါသည်။


တောင်ပေါ်ဒေသမှ အလယ်တန်းကျောင်းတစ်ကျောင်းသည်
အလံတိုင်လေးနှင့် ကျောင်းသား ကျောင်းသူ အဝင်အထွက်များဖြင့် စည်ကားလျက်ရှိသည်။


ကလင်...
ကလင်...
ကလင်...
သုံး တစ်လီ သုံး...
သုံး နှစ်လီ ခြောက်...
သုံး သုံးလီ ကိုး


ထိုစဉ် ကျောင်းပေါက်ဝသို့ “NGO” စာတန်းထိုးထားသော
ပစ္စည်းများတင်ထားသည့် အဖြူရောင်ကားတစ်စီး ရောက်ရှိလာသည်။
NGO
NGO


ထို့နောက် အဖြူရောင်ရှပ်အင်္ကျီနှင့် စတိုင်ပန် အမဲရောင်ဝတ်ထားသော အမျိုးသားတစ်ဦးနှင့် အခြားလုပ်ဖော်ကိုင်ဖက်များ ကားပေါ်မှဆင်းလာကြသည်။
ပစ္စည်းတွေသေချာချကြဦးနော်။ အချိန်မီကလေးတွေကို ဝေပေးမှ ရမှာ ကျောင်းမုန့်စားဆင်းချိန်နဲ့ တိုက်နေဦးမယ်။
NGO
NGO
ဟုတ်ကဲ့ ဆရာ
ငါကျောင်းအုပ်ကြီးနဲ့ စကားသွားပြောလိုက်ဦးမယ်နော်
NGO


ဂျင်းနောက် ကျောင်းရှေ့ကွင်းတွင် ကိုလင်းအပါအဝင် သူ၏လုပ်ဖော်ကိုင်ဖက်များမှ ပစ္စည်းများပေးဝေနေသည်ကို ကလေးများမှ တန်းစီရယူနေကြသည်။
NGO
NGO
NGO


ဘာတွေပေးမှာလည်း
မသိဘူးနော်
မိုက်တယ်
ဖတ်စာအုပ်တွေနဲ့ ဘောပင်တွေ
ရေးစာအုပ်တွေပါတယ် ပြောတာပဲကွ
သူတို့ကလည်း
ငါတို့ကြိုက်တဲ့ အရုပ်လေးတွေပါ
ယူလာပေးတာမဟုတ်ဘူး
ငါတို့အလှည့်ရောက်တော့မယ်ကွ
မင်းတို့ကလည်း ဆရာမမြင်ရင်
တီးခံရဦးမယ်။
ဒါမှမဟုတ် စောင့်ရမှာလည်း
ကြာဦးမလား မသိဘူး၊
သူတို့က သဘောကောင်းပုံရတယ်
ငါ သူတို့ဆီ သွားကြည့်လိုက်ဦးမယ်။


ဦးလေး
ကျနော်တို့အလှည့်
ရောက်တော့မှာလား။
NGO
လူတွေအများကြီးပဲနော်။
စောင့်ရတာကြာလိုက်တာ။
ကျနော်တို့ အလှည့်မရောက်ခင်
ကုန်သွားရင် ဒုက္ခပဲနော်။
မင်းကလည်း ရမှာပါကွ၊
အကိုတို့ သေချာယူလာခဲ့ပါတယ်။
မင်းက အခုလိုချင်လို့လား။
NGO
လိုချင်တာပေါ့၊
ဒီနေရာက ဒါမျိုးပစ္စည်းတွေက
ဝယ်ဖို့လွယ်တာမှ မဟုတ်တာ၊
အဖေမြို့သွားမှ မှာလို့ရတာတွေ၊
ဒါတောင် ဈေးကြီးလို့ အမြဲမဝယ်ပေးနိုင်ဘူး။
ဒါဆို အကိုက
ပေးမှာပေါ့ကွ။
NGO



မောင်မောင် မင်းက ငြိမ်လှချည်လား၊ ဘာဖြစ်လို့လဲကွ။ စိတ်ဆိုးနေတာလား
ဘာဖြစ်နေတာလဲ ပြောလေကွာ၊ ဘော်ဒါတွေပဲဟာကို။
ဒီကောင်ပုံမှန်တော့ မဟုတ်ဘူး
နောက်တစ်ပတ်တွင်
ဟေ့ကောင်တွေ ငါတို့တွေတော့ ပွဲပေါက်ပဲဟေ့ ဘီစကစ်တွေ လာဝေနေတယ်တဲ့
ရေး.... သွားကြမယ်
ငါမလိုက်တော့ဘူး၊ မင်းတို့ပဲ သွားလိုက်ကြတော့
မင်းကလည်း အမြဲအတူသွားနေကြဟာကို


အာဟာရ
NGO
NGO
နာမည်စာရင်းထဲမှာ ပေးထားတာတော့ မင်းတို့အခန်းက မောင်မောင်ဆိုတဲ့ ကလေးပါ ပါတယ်လေ။ အဲ့ကောင်လေးကော။ လာမယူဘူးလား။
NGO
မောင်မောင်က နေမကောင်းဘူးထင်တယ်။ ကျနော်တို့ ခေါ်တဲ့ဟာကို မလိုက်လာဘူး။
ဟုတ်တယ်။ သူ ပထမတခါ ပစ္စည်းလာဝေသွားတဲ့ အဖွဲ့ပြန်သွားကတည်းက အဲ့လိုကြီး မှိုင်တွေတွေဖြစ်နေတာပဲ။
ဘယ်လိုဖြစ်တာလဲ၊ အန်တီ့ကို အသေးစိတ် ပြောပြပေးမလား
NGO


NGO
NGO


ဝန်ထမ်းအမျိုးသမီးမှ
ရင်းရုံးအရောက်တွင်
သူမ၏ အဖွဲ့အစည်းမှ
တာဝန်ရှိသူနှင့်
စကားပြောဆိုခဲ့ပြီးနောက်...
NGO
PSEA focal person
HR
Dismiss
ကိုလင်းအား စုံစမ်းစစ်ဆေးပြီး အလုပ်ထုတ်လိုက်လေသည်။
NGO




လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ
အကူညီပေးရေး ဝန်ထမ်းများသည်

အသက် ၁၈ နှစ်အောက် ကလေးသူငယ်နှင့်
လိင်ပိုင်းဆိုင်ရာ ပတ်သက်မှု တစ်စုံတစ်ရာ
မဖြစ်စေရ ။

BRAVEHEART FOUNDATION

Ah Linn Thit Disabled People Organization

EWG
ETHIC WOMEN GROUP

Green Life Alliance For Development
GLAD

TAW WIN WADDY
MYAWADDY

Thandaunggyi Women's Group
T.D.G - WG

LAHU BAPTIST CONVENTION
1904 1987

MYITTASONESEE


R.C.B
Resources & Capacity Building

FCD-KAWKAREIK
FUTURE COMMUNITY DEVELOPMENT

HELPHUB
CONNECTING PEOPLE
EMPOWERING COMMUNITIES

SACC

MIGRANTS MONITORING GROUP
MMG


NGO
NGO